# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

May 20 , 2024 | Volume 78, Number 13

၂၀.၅.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၄၄၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၄၀၆၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၀.၃ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၆၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၆.၂ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၃၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၄.၅၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၈.၂၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၈.၂၈၅ ကျပ် |

Source: CBM Rate, etrademyanmar.com

## ထားဝယ်ရေနက်ဆိပ်ကမ်း ပူးတွဲဖော်ဆောင်ရန် ရုရှားနှင့်နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့ ကနဦးအဆင့် ဆွေးနွေးမှုစတင်

တနင်္သာရီတိုင်းဒေသကြီးအတွင်းက ထားဝယ်အထူးစီးပွားရေးဇုန်ရဲ့ ကနဦးအဆင့် ထားဝယ် ရေနက်ဆိပ်ကမ်းကို ပူးတွဲအကောင်အထည်ဖော်ဖို့ ရုရှားနဲ့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတို့အကြား ကနဦးအဆင့်ဆွေးနွေးမှုတွေ စတင်နေပြီလို့ သိရပါတယ်။

ရေနက်ဆိပ်ကမ်းစီမံကိန်းမှာ ရင်းနှီးမြှုပ်နှံဖို့စိတ်ဝင်စားကြောင်း၊ မြန်မာနိုင်ငံက ရုရှားသံတမန်တွေနဲ့ ရုရှားနိုင်ငံပိုင်ပုဂ္ဂလိကကုမ္ပဏီတွေ ဆက်သွယ်လာပြီးနောက် နှစ်ဖက်ဆွေးနွေးနေတာလို့ ထားဝယ်အထူးစီးပွားဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးက Myanmar Now ကို ပြောပါတယ်။

လက်ရှိ ဆွေးနွေးမှုတွေက ကနဦးအဆင့်သာရှိသေးပြီး ရုရှားဘက်က အဆိုပြုလာတဲ့ စီမံကိန်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အသေးစိတ်အချက်အလက်တွေကိုတော့ ထုတ်ပြောတာမျိုး မရှိသေးပါဘူး။ တကယ်တမ်း တိတိကျကျသဘောတူပြီး အသိပေးလို့ရပြီဆိုတဲ့အခါကျရင်တော့ သတင်းထုတ်ပြန်ပေးမှာပါလို့ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ဆိုပါတယ်။

မတ်လတုန်းက ရုရှားသတင်းဌာန TASS နဲ့ တွေ့ဆုံရင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီခေါင်းဆောင်က တန်ချိန် ၂ သိန်းနဲ့အထက် သင်္ဘောတွေဆိုက်ကပ်နိုင်တဲ့ ဆိပ်ကမ်းတစ်ခုတည်ဆောက်နေပြီး ရုရှားနဲ့ဆွေးနွေးဆောင်ရွက်လျက်ရှိတယ်လို့ ပြောခဲ့ဖူးပါတယ်။

ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ၂၀၀၈ ခုနှစ်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပေမဲ့ အကြောင်းအမျိုးမျိုးကြောင့် တာဝန်ပေးထားတဲ့ အီတာလျံ-ထိုင်းကုမ္ပဏီက ရှေ့ဆက်မတိုးနိုင်ဘဲ လုပ်ငန်းရပ်စဲထားတာပါ။

လက်ရှိမှာတော့ ထိုင်းအစိုးရသစ်က ထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို စိတ်ဝင်စားပြီး ပြန်လည်ဆက်သွယ်လာတဲ့ အနေအထားမှာရှိနေတယ်လို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးက ယခုနှစ် ဇန်နဝါရီလဆန်းပိုင်းမှာ ပြောကြားထားပါတယ်။ "လုပ်ငန်းကို မြန်မြန်ပြန်စ၊ လုပ်ချင်တာပေါ့။ နောက်ထပ် တကယ်လုပ်နိုင်မဲ့သူကို ရှာဖွေနေတဲ့အဆင့်လို့ပြောရမှာပေါ့"လို့ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်စိုးကပြောပါ တယ်။

ထားဝယ်အထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီအနေနဲ့ ရင်းနှီးတည်ဆောက်သူအသစ် ရွေးချယ်ကာ ကုန်ကျစရိတ်တွေသာရှိပြီး ဝင်ငွေမရှိတဲ့ Special Purpose Vehicle (SPV) ဖျက်သိမ်းရေးကိစ္စရပ်တွေကို အမြန်ဆုံးပြီးပြတ်အောင် လုပ်ဆောင်ဖို့လည်း

CONTACT US

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖတ်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

စီစဉ်နေပါတယ်။

ထားဝယ် SEZ ကို ကနဦးနဲ့ ပင်မစီမံကိန်းဆိုပြီး (၂)ပိုင်းခွဲထားပြီး ကနဦးအဆင့် (၂၇) စတုရန်းမိုင်အတွင်း မူလခန့်မှန်းချက်ဖြစ်တဲ့ ကန်ဒေါ်လာ (၁)ဘီလီယံတန် စက်မှုဇုန်၊ ဓာတ်အားပေးစက်ရုံ၊ ရေနက်ဆိပ်ကမ်း၊ LNG ဓာတ်ငွေ့ရည် ဆိပ်ကမ်းအပါအဝင် အခြေခံအဆောက်အအုံတွေ တည်ဆောက်သွားဖို့ လျာထားခဲ့ပါတယ်။

**Source: BETV Business**

## ထိုင်းနိုင်ငံမှ ပြောင်းဝယ်လိုအားကောင်းလာတာနှင့်အတူ ပြည်တွင်းပြောင်းဈေးမြင့်တက်လာ




ထိုင်းနိုင်ငံမှ ပြောင်းဝယ်လိုအားကောင်းလာတာနှင့်အတူ ပြည်တွင်း ပြောင်းဈေး မြင့်တက်လာသည်။

မြဝတီနယ်စပ်ကုန်သွယ်ရေး ပြန်လည်ကောင်းမွန်လာပြီးနောက် ပြောင်းဈေး မြင့်တက်လာသလို ပယ်လယ်ရေကြောင်းမှတင်ပို့မှုတွင် ထိုင်းနိုင်ငံ ရနောင်း ဆိပ်ကမ်းအရောက် ဈေးကောင်းရရှိလာတာကြောင့် ပြည်တွင်းပြောင်းဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀ ဈေးမြင့်တက်လာခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ရနောင်းဆိပ်ကမ်းအရောက် ပြောင်း တစ်ကီလိုလျှင် ထိုင်းဘတ် ငွေ ၉ ဒသမ ၈ ထိ ဈေးမြင့်လာရာ ရန်ကုန်သီလဝါဆိပ်ကမ်း ပြောင်းပေါက်ဈေး တစ်ပိဿာ ငွေကျပ် ၁၁၄၅ ထိပေါက်ဈေးဖြစ်လာကြောင်း မြန်မာနိုင်ငံပြောင်းစိုက်ပျိုး ထုတ်လုပ်ရောင်းဝယ်သူများအသင်းဝင် ဦးတိုးတက်နိုင်ကပြောသည်။

"ထိုင်းနိုင်ငံက ပြောင်းဝယ်လိုအားများနေတော့ ပြောင်းဈေးကောင်းလာပါတယ်။ အရင်က တစ်ကီလိုဂရမ်ကို ရနောင်းအရောက် ထိုင်းဘတ် ၉ ဘတ် ပေါက်ဈေးမှ ဆက်တိုက်ဈေးမြင့်ပေးဝယ်တာကနေ ၉ ဒသမ ၈ ဘတ်ထိ ဈေးမြင့်တက်လာပါတယ်။ ထိုင်းမှာ ဈေးမြင့်တက်လာသလို ပြည်တွင်းပြောင်းဈေးလည်း ဈေးမြင့်တက်လာပါတယ်။ လက်ရှိမှာ ရနောင်းသို့ သင်္ဘောတင်အလုအယက်တင်နေကြတော့ ပြောင်းဈေးကောင်းနေမှာပါ။ သင်္ဘောတင်ကတော့ မေလကုန်ထိကောင်းနေမဲ့ အခြေအနေဖြစ်နေပါတယ်။ နိုင်ငံခြားတင်ပို့မှုမှာတော့ ထိုင်းနိုင်ငံကိုတင်ပို့တာက ဈေးအကောင်းဆုံးလို့ပြောလို့ရပါတယ်"ဟု ၎င်းကပြောသည်။

လက်ရှိအချိန်တွင် ပြောင်းစိုက်ပျိုးရာသီရောက်ရှိလာသော်လည်း ပြည်တွင်းပြောင်းကျန်များနေသေးကြောင်းနှင့် ရှမ်းပြည်နယ်တွင် စိုက်ပျိုးထွက်ရှိသည့် ပြောင်းလက်ကျန် ၂၅ ရာခိုင်နှုန်းခန့် ကျန်ရှိသေးကြောင်းနှင့် လမ်းပန်းဆက်သွယ်မှု အခက်အခဲရှိသည့်ဒေသများတွင် ပြောင်းဈေးကျဆင်းနေသည်။

"ပြည်တွင်းမှာ ပြောင်းလက်ကျန်က ကျန်သေးပေမဲ့ ရှမ်းပြည်နယ်ဒေသအချို့မှာ ပြောင်းသယ်ယူဖို့အခက်အခဲရှိသေးလို့ ဝယ်ယူလို့မရသေးတာရှိတယ်။ လက်ကျန်က ရှမ်းပြည်နယ်ထွက်ရှိတဲ့ ပြောင်း ၂၅ ရာခိုင်နှုန်းလောက် ကျန်ရှိနေပါသေးတယ်။ ရှမ်းပြည်ဒေသတွင်းမှာ ပြောင်းဈေးက တစ်ပိဿာဈေး ငွေကျပ် ၆၀၀ ခန့်သာ ပေါက်ဈေးရှိနေပါတယ်"ဟု ၎င်းကပြောသည်။

မေ ၁၅ ရက်တွင် ပြည်တွင်းပြောင်းပေါက်ဈေးမှာ ရန်ကုန် (ဆိပ်ကမ်း) တစ်ပိဿာ ငွေကျပ် ၁၁၄၅ ၊ မန္တလေး ၅၄ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၅၄,၅၀၀-၅၅,၀၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ယခုနှစ် ပေါင်မြို့နယ်ဒေသထွက် ရာသီစာ မင်းကွတ်သီးများ ဈေးကောင်းရှိ

မွန်ပြည်နယ်၊ ပေါင်မြို့နယ်တွင် ဒေသထွက်ရာသီစာ မင်းကွတ်သီးများ ယခုနှစ်ပေါ်ဦးပေါ်ဖျားချိန်ကတည်းက ဈေးကောင်းရရှိနေတာကြောင့် ခြံပိုင်ရှင်များအဆင်ပြေကြကြောင်း အရောင်းဒိုင်များထံမှ သိရသည်။

"ဒီနှစ်စစချင်းတဲ့အချိန်ကတည်းက ဈေးကောင်းရတယ်။ အခုချိန်ထိလို့ပြောလို့ရတယ်။ ဈေးကွက်မှာလည်း အရောင်းအဝယ်ရှိတော့ ဒီဘက်ဒေထွက် မင်းကွတ်သီးကို ရသလောက်ပွဲရုံကယူနေတယ်။ အခုကရာသီဥတုအလွန်ပူတယ်။ မင်းကွတ်က

အအေးခေတ်စားဆိုတော့ ဝယ်စားကြတာလည်းပါတယ်။ ဒီနှစ်က ခြံပိုင်ရှင်တွေအတွက် အဆင်ပြေတဲ့နှစ်လို့ပဲပြောရမယ်" ဟု မင်းကွတ်သီးအရောင်းဒိုင်တစ်ဦးကပြောသည်။

ရာသီစာမင်းကွတ်ကို မွန်ပြည်နယ်ရှိ မြို့နယ်အများစုတွင်စိုက်ပျိုးကြပြီး ထွက်ရှိသောမင်းကွတ်သီးများကို ဒေသတွင်း စားသုံးရောင်းချမှုများအပြင် အလုံး ၁၅၀ ပါ ပလတ်စတစ်ခြင်းများဖြင့်ထုပ်ပိုးကာ ရန်ကုန်ပွဲရုံနှင့်မန္တလေးတို့ကို အဓိက တင်ပို့ရောင်းချကြောင်း ပေါင်မြို့နယ်အရောင်းဒိုင်များမှ သိရသည်။

ဒေသထွက်မင်းကွတ်သီးကို တောင်ပေါ်သီးနှင့်ရွာသီးဟု ဒေသအတွင်းခွဲခြားထားပြီး တောင်ပေါ်သီးမှာ ရွာသီးထက် အလုံးပိုကြီးသော်လည်း အခွံထူကာ အချဉ်ဓာတ်နည်းနည်းဖောက်ပြီး ရွာသီးမှာအခွံပါးကာပိုချိုပြီ ဈေးနှုန်းအတူတူပင် ဖြစ်ကြောင်း မင်းကွတ်ခြံပိုင်ရှင်များထံမှ သိရသည်။

Source: ကြေးမုံသတင်းစာ

## ဒီတစ်ပတ် မတ်ပဲဈေးကွက်မြင့်တက်



**မတ်ပဲ**

မတ်ပဲကတော့ ဒီတစ်ပတ်မှာ ဈေးမြင့်တက်လာပါတယ်။ ဈေးကွက်အတွင်း ငွေလဲလှယ်နှုန်း မြင့်တက်လာတဲ့အတွက် ပဲဈေးတွေက မြင့်တက်နေတာဖြစ်တယ်လို့ သိရပါတယ်။ ဈေးကွက်အတွင်းမှာတော့ အရောင်းအဝယ်က ပုံမှန်ရှိနေတယ်လို့ ဆိုပါတယ်။

အိန္ဒိယနိုင်ငံမှာတော့ မတ်ပဲအသစ်တွေ ဈေးကွက်ထဲ ဝင်နေပါပြီ။ မကြာခင် ကာလအတွင်း ဘရားဇီးနိုင်ငံကနေ တန်ချိန် ၅၀,၀၀၀ အထိ တင်သွင်းနိုင်မယ်လို့ အိန္ဒိယသတင်းတွေရဲ့ ဖော်ပြချက်အရသိရပါတယ်။ ပြီးခဲ့တဲ့နှစ်တွေက ဘရားဇီးနိုင်ငံကနေ တန်ချိန် ၅၀၀၀ လောက်သာ တင်သွင်းခဲ့တာဖြစ်တဲ့အတွက် ၁၀ ဆ လောက် ပိုမို တင်သွင်းနိုင်ဖို့ မျှော်မှန်းထားတဲ့အခြေအနေလည်းဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံရဲ့ မတ်ပဲတင်သွင်းမှုကလည်း ပြီးခဲ့တဲ့နှစ်တွေနဲ့ယှဉ်ရင် ၁၉ ရာခိုင်နှုန်းထိ မြင့်တက်လာခဲ့ပြီး အထွက်နှုန်းကလည်း ၂ ဒသမ ၅၅ သန်းရှိမယ်လို့ ထုတ်ပြန်ထားတဲ့အတွက် ပြီးခဲ့တဲ့နှစ်နဲ့ယှဉ်ရင် လျော့နည်းတဲ့အခြေအနေဖြစ်ပါတယ်။ ဈေးကွက်အတွင်း မတ်ပဲလိုအပ်ချက်များပြားနေပြီး ဈေးမြင့်တက်နေတာတွေကြောင့် အိန္ဒိယအစိုးရကတော့ မြန်မာအပြင် အခြားဘရားဇီးနိုင်ငံ၊ အာဂျင်တီးနားနိုင်ငံတွေကပါ အများအပြား တင်သွင်းနိုင်ဖို့ ဆောင်ရွက်နေကြပါတယ်။

အိန္ဒိယနိုင်ငံမှာ ဒီတစ်ပတ် မြန်မာမတ်ပဲ FAQ က တစ်တန်ကို ရူပီး ၈၀၂၅ ပေါက်ဈေးရှိနေပြီး ၇၅ ရူပီးလောက် မြင့်တက်လာပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ မတ်ပဲ (FAQ/RC)က တစ်တန်ကို ၃,၂၃၂,၀၀၀ ပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင် တစ်တန်ကို ၇၂,၀၀၀ ကျပ်ဈေး မြင့်တက်လာပါတယ်။ (SQ/RC)ကတော့ တစ်တန်ကို ၃,၅၀၂,၀၀၀ ပေါက်ဈေးရှိပြီး တစ်တန်ကို ၈၂,၀၀၀ ကျပ် ဈေးတက်လာပါတယ်။ မတ်ပဲ Raw ကတော့ တစ်ပိဿာကို ၅၂၅၅ မှ ၅၂၈၅ ပေါက်ဈေးရှိပြီး တစ်ပိဿာကို ၁၆၀ ကျပ်ဈေး မြင့်တက်လာပါတယ်။ မတ်ပဲ FOB ဈေးနှုန်းကလည်း တစ်တန်ကို ၉၉၅ မှ ၁၀၁၅ ဒေါ်လာပေါက်ဈေးရှိပြီး ပြီးခဲ့တဲ့အပတ်နဲ့ယှဉ်ရင်တော့ တစ်တန် ကို ၉၀ ဒေါ်လာ မြင့်တက်လာပါတယ်။

**ပဲတီစိမ်း**

ရန်ကုန်ဈေးကွက်မှာ ဝါးခယ်မပဲတီစိမ်းက ဈေးမြင့်တက်လာပြီးတော့ နယ်ဈေးကွက်တွေမှာတော့ အသစ်ပဲတွေ အဝင်များလာတဲ့အတွက် အနည်းငယ်ဈေးအေး ဈေးကျသွားပါတယ်။ အဟောင်းတွေကတော့ အရည်သွေးပိုင်းဆိုင်ရာ အားနည်းချက်တွေရှိလို့ အသစ်ကိုဝယ်ယူနေတယ်လို့ဆိုပေမဲ့ ပဲတီစိမ်းကတော့ လာမဲ့ကာလအတွင်း အတက်ရှိနိုင်လို့ ကြိုတင်ဝယ်လှောင်ကြတာလို့လည်း သိရပါတယ်။ အများစုကတော့ ရောင်းထုတ်ပြီးသားဖြစ်လို့ တောင်သူတွေလက်ထဲ အနည်းငယ်သာရှိတယ်လို့ သိရပါတယ်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်မှာတော့ ပဲတီစိမ်း(ပဲခူးရွှေဝါ)က တစ်ပိသ္သာကို ၃၆၆၅ ကျပ်၊ ပဲတီစိမ်း(ခရမ်းရွှေဝါ) က တစ်ပိသ္သာကို ၃၈၃၀ ကျပ်နဲ့ဈေးငြိမ်နေပြီး ပဲတီစိမ်း(ဝါးခယ်မ)ကတော့ တစ်ပိသ္သာကို ၃၀၅၀ မှ ၃၇၅၀ ပေါက်ဈေးရှိပြီး တစ်ပိသ္သာကို ၈၀ ကျပ် ဈေးတက်လာပါတယ်။

မန္တလေးဈေးကွက်မှာတော့ ပဲတီစိမ်း(အညာ)က တစ်အိတ်ကို ၁၇၅,၀၀၀ ကနေ ၁၈၂,၀၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၄၅၀၀ ကျပ် ဈေးကျဆင်းသွားပါတယ်။

နယ်ကုန်စည်ဒိုင်တွေဖြစ်တဲ့ မုံရွာဈေးကွက်မှာလည်း ပဲတီစိမ်းအသစ်တစ်တင်းကို ၆၀,၀၀၀ ပေါက်ဈေးရှိပြီး ဈေးငြိမ်ပါတယ်။ ပခုက္ကူဈေးကွက်မှာတော့ တစ်တင်းကို ၆၁,၂၀၀ ရှိပြီး ၃၀၀ ကျပ်ဈေး ကျဆင်းသွားပါတယ်။

**ပြောင်းဆန်**

ပြောင်းဆန်ကတော့ ဆက်တိုက်ဈေးမြင့်တက်နေပါတယ်။ ထိုင်းနိုင်ငံအပြင် အိန္ဒိယနိုင်ငံကပါ ဝယ်ယူမှုတွေရှိနေတာဖြစ်လို့ ဈေးက ဆက်တိုက်မြင့်တက်နေတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့လပိုင်းအထိ တောက်လျှောက်ဈေးကျဆင်းခဲ့ရာမှာ မေလ ပထမအပတ်လောက်ကနေစပြီး ဈေးမြင့်တက်နေတာဖြစ်ပါတယ်။

ရန်ကုန်ဈေးကွက်မှာတော့ ပြောင်းဆန်တစ်ပိသ္သာကို ၁၁၄၀ မှ ၁၁၆၀ ကြားရှိပြီး တစ်ပိသ္သာကို ၄၀ ကျပ် ဈေးမြင့်တက်လာပါတယ်။

မန္တလေးဈေးကွက်မှာလည်း ပြောင်းစီပီ တစ်အိတ်ကို ၅၅,၀၀၀ မှ ၅၅,၅၀၀ ပေါက်ဈေးရှိနေပြီး တစ်အိတ်ကို ၂၅၀၀ ကျပ် ဈေးတက်လာပါတယ်။ ရှမ်းပြောင်းတွေကလည်း တစ်အိတ်ကို ၅၅,၀၀၀ မှ ၅၅,၅၀၀ ကျပ်ရှိပြီး တစ်အိတ်ကို ၂၅၀၀ ကျပ် ဈေးမြင့်တက်လာပါတယ်။ နယ်ဈေးကွက်တွေမှာလည်း တစ်တင်းကို ၁၀၀၀ လောက်ထိ ထပ်မံမြင့်တက်နေပါတယ်။

**Source:** **AMIA**

https://greenwaymyanmar.com/posts/market_price_information_may_17

## ဆန်၊ ဆန်ကွဲ၊ ဖွဲနုဈေးများအနည်းငယ်ကျဆင်း

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံ အရောင်းအဝယ်ဖြစ်လျက်ရှိရာ (၁၀.၅.၂၀၂၄) ရက်နေ့တွင် ညော်မထဆန် (မနောသုခ) (ဟောင်း) တစ်အိတ်လျှင် ၉၀,၀၀၀ ကျပ်၊ ညော်မထဆန်(မနောသုခ) (သစ်) တစ်အိတ်လျှင် ၇၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ၁၃၀,၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ်လျှင် ၅၅,၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ်လျှင် ၅၃,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၁၅,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ (၁၇.၅.၂၀၂၄)ရက်နေ့တွင် ညော်မထဆန် (မနောသုခ)(ဟောင်း) တစ်အိတ်လျှင် ၈၈,၀၀၀ ကျပ်၊ ညော်မထဆန် (မနော သုခ)(သစ်) တစ်အိတ်လျှင် ၆၈,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ်လျှင် ၁၂၈,၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ်လျှင် ၅၂,၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ်လျှင် ၅၀,၀၀၀ ကျပ် နှင့် ဖွဲနုတစ်အိတ်လျှင် ၁၃,၂၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူ နှိုင်းယှဉ်ချက်အရ ညော်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ်လျှင် ၂၀၀၀ ကျပ်၊ ညော်မထဆန် (မနောသုခ)(သစ်) တစ်အိတ်လျှင် ၂၀၀၀ ကျပ်၊ ဆန်ကွဲ B (1,2) တစ်အိတ်လျှင် ၃၀၀၀ ကျပ်၊ ဆန်ကွဲ B (2,3,4) တစ်အိတ်လျှင် ၃၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် ၁၈၀၀ ကျပ် ဈေးကျဆင်းခဲ့ပါသည်။ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေး ကျဆင်းသွားခြင်းမှာ ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျဆင်းသွားခြင်းဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရသည်။

Source: ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

https://myantrade.gov.mm/article/bago%2017.5.2024%201018

## MNA မှ ရန်ကုန် – နန်နင်း – ရန်ကုန် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးခရီးစဉ် စတင်ပြေးဆွဲ

မြန်မာအမျိုးသားလေကြောင်းလိုင်း(MNA) မှ ရန်ကုန်–နန်နင်း–ရန်ကုန် ကာဂိုခရီးစဉ်ကို မေလ (၁၆) ရက်နေ့က စတင်ပြေးဆွဲပေးကြောင်း ထုတ်ပြန်ထားသည်။




ထို Cargo ခရီးစဉ်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ Boeing 737– 800 လေယာဉ်ဖြင့် ရေထွက်ကုန်ပစ္စည်းများဖြစ်သော ဂဏန်း၊ ငါးရှဉ့် (၁၆) တန် တင်ဆောင်ပြီး ယမန်နေ့ မွန်းလွဲပိုင်းက စတင်ပျံသန်း ပြေးဆွဲခဲ့ခြင်းဖြစ်သည်။

ရန်ကုန်–နန်နင်း–ရန်ကုန် ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးခရီးစဉ်ကို တစ်ပတ်လျှင် (၃)ကြိမ် (အင်္ဂါ၊ ကြာသာပတေး၊ စနေနေ့များ)တွင် ပျံသန်းပြေးဆွဲမည် ဖြစ်ကြောင်း သိရသည်။

အထက်ပါ Boeing 737– 800 လေယာဉ်သည် ၂၀၂၄ ခုနှစ် ၊ ဇန်နဝါရီ (၂၄) ၌ မြန်မာနိုင်ငံကို ဆိုက်ရောက်ခဲ့ပြီး မြန်မာအမျိုးသားလေကြောင်းလိုင်း၏ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေး လေကြောင်းခရီးစဉ်များဖြစ်သော ရန်ကုန် – ကူမင်း၊ ရန်ကုန် – ဘန်ကောက်၊ ရန်ကုန် – စင်ကာပူ၊ ရန်ကုန် – မန်စီ ခရီးစဉ်များကို ပြေးဆွဲပေးခဲ့ကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=159050

## ကွန်တိန်နာယာဉ် ငှားရမ်းခ ထပ်မံမြင့်တက်ပြီး နှုန်းထားသစ်ဖြင့်ကောက်ခံမှု မေ ၂၀ ရက်စမည်



လက်ရှိတောင်းခံနေတဲ့ ငှားရမ်းခနှုန်းထားတွေက ခေတ်ကာလအခြေအနေနဲ့ကိုက်ညီမှုမရှိတာကြောင့် မြန်မာနိုင်ငံကုန်သေတ္တာတင် မော်တော်ယာဉ်အသင်းက ကွန်တိန်နာယာဉ်ငှားရမ်းခနှုန်းထားတွေကို တိုးမြှင့်သတ်မှတ်လိုက်ပါတယ်။

ယခုအချိန်မှာ ယာဉ်နဲ့ယာဉ်အပိုပစ္စည်းဈေးနှုန်းတွေ၊ ယာဉ်ပြင်ဆင်မှုစရိတ်တွေ၊ လုပ်ငန်းလည်ပတ်မှုစရိတ်တွေနဲ့ နေထိုင်စားသောက်မှုစရိတ်တွေ အလွန်မြင့်တက်နေကြောင့် ကွန်တိန်နာယာဉ်ငှားရမ်းခ ထပ်မံတိုးမြှင့်လိုက်ရခြင်းဖြစ်တယ်လို့ ဆိုပါတယ်။

အစည်းအဝေးရဲ့ ဆုံးဖြတ်ချက်အရ မြန်မာ့စက်မှုဆိပ်ကမ်း(MIP)၊ Asia World ဆိပ်ကမ်း(AWPT)၊ သီလဝါဆိပ်ကမ်း(MITT) တို့ကနေ တိုက်ကြီးခရီးစဉ်က အခြားသောခရီးစဉ်/မြို့နယ်တွေနဲ့ နှိုင်းယှဉ်ရင် သယ်ယူပို့ဆောင်ခအမြင့်ဆုံးဖြစ်ပြီး ပေ ၄၀ ယာဉ်ငှားရမ်းခအဖြစ် ၄၂၇,၀၀၀ – ၅၂၇,၀၀ ကျပ်၊ ပေ ၂၀ ယာဉ် ငှားရမ်းခအဖြစ် ၃၆၇,၀၀၀ – ၄၇၇,၀၀၀ ကျပ် သတ်မှတ်ထားပါတယ်။

ပို့ဆောင်ခအနိမ့်ဆုံးခရီးစဉ်အဖြစ် ဂန္ဒီ+ညောင်တန်း+ပုစွန်တောင်ဈေး+ဗိုလ်တထောင်ဖြစ်ပြီး ပေ ၄၀ ယာဉ် ငှားရမ်းခအဖြစ် ၂၄၅,၀၀၀ – ၃၂၅,၀၀ ကျပ်၊ ပေ ၂၀ ယာဉ် ငှားရမ်းခ ၁၈၅,၀၀၀ – ၂၇၅,၀၀၀ ကျပ် ရှိပါတယ်။

ကွန်တိန်နာယာဉ်တွေအနေနဲ့ သွင်းကုန်အပိုင်းမှာ ဝန်လေးကုန်တွေဖြစ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေကို အများအပြားသယ်ယူရပြီး ဝန်ပေါ့ကုန်တွေဖြစ်တဲ့ အထည်ချုပ်နဲ့စားသောက်ကုန်တွေကတော့ အနည်းငယ်သာ သယ်ယူရပါတယ်။

ပြင်ဆင်သတ်မှတ်လိုက်တဲ့ ငှားရမ်းခနှုန်းထားအသစ်တွေကို မေလ ၂၀ ရက်မှာ စတင်တောင်းခံသွားမှာဖြစ်ပြီး လမ်း၊ တံတား၊ တိုးဂိတ်ကြေး၊ အခွံထုတ်၊ အခွံချ၊ အခွံအိပ်၊ အသားအိတ်၊ နေ့ကျော်ကြေးတွေ မပါဝင်ဘူးလို့ MCTA က ထုတ်ပြန်ထားပါတယ်။

ကုန်သေတ္တာတင် မော်တော်ယာဉ်လုပ်ငန်းတွေအနေနဲ့ ယာဉ်နဲ့ယာဉ်အပိုပစ္စည်းဈေးနှုန်းတွေ၊ ယာဉ်ပြင်ဆင်မှုစရိတ်နဲ့ စက်သုံးဆီကုန်ကျစရိတ်တွေ မြင့်တက်နေတာကြောင့် တွက်ချေမကိုက်ပေမဲ့ အလုပ်ရှိနေအောင် မေးလုပ်နေရတယ်လို့ ပြောပါတယ်။ ကားတာယာ၊ ဘက်ထရီအပါအဝင် မော်တော်ယာဉ်သုံးပစ္စည်းဈေးနှုန်းတွေက ယခင် ၂ ဆကနေ ယခုအချိန်မှာ ၃ ဆခန့် အထိဈေးတက်နေပြီး ယာဉ်ပြင်ဆင်မှုစရိတ်ဆိုရင် ငွေကျပ် ၅ သိန်းကနေ ကျပ်သိန်းရာဂဏန်းအထိ ကုန်ကျလျက်

ရှိကြောင်း သိရပါတယ်။

**Source: BETV Business**

## ဆန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာသန်း ၁၇၀ ရရှိခဲ့သည့် ကမ္ဘောဒီးယား

ယခုနှစ်၏ ပထမလေးလတာကာလတွင် ကမ္ဘောဒီးယားနိုင်ငံသည် အမေရိကန်ဒေါ်လာသန်း (၁၇၀) ပမာဏရှိသည့် ဆန်တန်ချိန် ၂၄၈,၄၉၁ တန်ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ဆန်စပါးအသင်းအဖွဲ့ချုပ်၏ (၈-၅-၂၀၂၄) ရက်နေ့က ထုတ်ပြန်ခဲ့သည့် အစီရင်ခံစာအရသိရသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ဧပြီလတစ်လတည်းတွင် ဆန်တန်ချိန် ၈၂,၄၉၁ တန် တင်ပို့ခဲ့ခြင်းမှ အမေရိကန်ဒေါ်လာ ၄၆ ဒသမ ၆ သန်းရရှိခဲ့သည်။ တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားနိုင်ငံ၏ အကြီးမားဆုံး ဆန်တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ယခုနှစ်၏ ပထမလေးလတွင် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၂၈ သန်း တန်ဖိုးရှိသည့် ဆန်တန်ချိန် ၆၇,၄၅၇ တန် ဝယ်ယူခဲ့ကြောင်းသိရသည်။ ထို့ပြင် ကမ္ဘောဒီးယားနိုင်ငံသည် ဆန်တန်ချိန် ၁၀၅,၇၉၉ တန်ကို ဥရောပရှိ နိုင်ငံ ၂၆ နိုင်ငံကိုတင်ပို့ခဲ့ပြီး ၅၇၇,၆၆ တန်ကို အာဆီယံဒေသရှိ နိုင်ငံ ၇ နိုင်ငံနှင့် ၂၁,၄၆၉ တန်ကို အခြားဒေသများသို့ တင်ပို့ခဲ့သည်ဟုသိရသည်။ တင်ပို့ခဲ့သည့်ဆန်များထဲတွင် ဆန်မွှေး၊ ဆန်ဖြူ၊ ပေါင်းဆန်နှင့်အော်ဂဲနစ်ဆန်များပါဝင်ပြီး ဆန်မွှေး တင်ပို့မှုမှ စုစုပေါင်းဆန်တင်ပို့မှု၏ ၇၃ ရာခိုင်နှုန်းရှိကြောင်းသိရသည်။ နှစ်စဉ်နှစ်တိုင်း ကမ္ဘောဒီးယားနိုင်ငံသည် မကြိတ်ခွဲရ သေးသည့် ရိတ်သိမ်းပြီးသော စပါးတန်ချိန် ၁၂ သန်းနှင့် ကြိတ်ခွဲပြီးသောဆန် ၇ သန်း ထုတ်လုပ်လျက်ရှိပြီး ပြည်တွင်း လိုအပ်ချက်၏ ၅၀ ရာခိုင်နှုန်းပိုမိုကြောင်း ကမ္ဘောဒီးယားနိုင်ငံ၊ စိုက်ပျိုးရေး၊ သစ်တောနှင့်ငါးမွေးမြူရေးဝန်ကြီးဌာန၏ ပြည်ထောင်စုအတွင်းရေးမှူးက ပြောကြားခဲ့သည်။ ထို့ပြင် ကျွန်ုပ်တို့၏ အနာဂတ်ရည်မှန်းချက်မှာ အစားအစာများ ဖူလုံ စိတ်ချရမှုရှိရေးနှင့် လယ်သမားများကိုပံ့ပိုးပေးနိုင်ရန်အပြင် တည်ငြိမ်သောစီးပွားရေးနှင့်ပတ်ဝန်းကျင်ကို ဖန်တီးရန် ဖြစ်ကြောင်း ကမ္ဘောဒီးယား ဆန်စပါးကဏ္ဍသည် နိုင်ငံတော်အစားအသောက် လုံခြုံစိတ်ချရမှုရှိစေရေးအတွက် အစားအစာများ ထုတ်လုပ်ရာတွင် အောင်မြင်မှုရရှိရုံသာမက ကမ္ဘာ့အစားအစာ ဖူလုံစိတ်ချရမှုရှိစေရေးတွင်လည်း ပူးပေါင်းပါဝင်လျက်ရှိကြောင်း အတွင်းရေးမှူးက ဆက်လက်ပြောကြားခဲ့သည်။ ၂၀၂၄ ခုနှစ်၏ ပထမလေးလပတ်ကာလတွင် စပါးနှင့်ကြိတ်ခွဲပြီးသားဆန်များ တင်ပို့မှုသည် ၂၀၂၃ ခုနှစ်၊ ပထမလေးလပတ်ကာလထက် ၃၀ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

၂၀၁၅ ခုနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတကာဈေးကွက်သို့ ဆန်တန်ချိန် ၁ သန်း တင်ပို့နိုင်ရန် ရည်မှန်းချက် ထားခဲ့သော်လည်း ဆယ်စုနှစ် ၁ စု နီးပါးကြာသည့်အချိန်ထိ ရည်မှန်းချက် မအောင်မြင်သေးကြောင်း သိရသည်။ ကမ္ဘောဒီးယား နိုင်ငံဆန်စပါးအသင်းချုပ်သည် ၂၀၂၅ ခုနှစ်တွင် အနည်းဆုံးဆန်တန်ချိန် ၁ သန်း တင်ပို့နိုင်ရန် ရည်မှန်းချက်ထားလျက်ရှိသည်။ လွန်ခဲ့သည့်လေးနှစ်တွင် ကမ္ဘောဒီးယားနိုင်ငံသည် နိုင်ငံတကာဈေးကွက်သို့ တစ်နှစ်ကို ဆန်တန်ချိန် ၆ သောင်းကျော် ပုံမှန် တင်ပို့လျက်ရှိကြောင်းသိရသည်။

**Source : Khmar Times**

**DOCA(ရန်ကုန်)**

## STOCK EXCHANGE (20.5.2024)

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 21st May, 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,272 (Shares) | 7,154,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,700 | 8,900 | 8,700 | 60 | 524,000 | 33,109,694 | 294,676 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,900 | 2,900 | 2,900 | 1,510 | 4,379,000 | 38,929,150 | 112,895 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 100 | 800,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,550 | +0 | +0.00% | 1,550 | 1,550 | 1,550 | 1 | 1,550 | 29,664,613 | 45,980 |
| TMH | 00005 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 2 | 5,400 | 12,823,224 | 34,623 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,750 | 17 | 29,750 | 19,977,223 | 34,960 |
| AMATA | 00007 | 4,600 | +100 | +2.22% | 4,600 | 4,600 | 4,600 | 33 | 151,800 | 10,497,598 | 48,289 |
| MAEX | 00008 | 2,300 | +50 | +2.22% | 2,300 | 2,300 | 2,300 | 549 | 1,262,700 | 23,804,946 | 54,751 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 21st May, 2024

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 376.09 | +1.71 | +0.46% | 372.05 | 376.09 | 372.05 | 2,272 | 7,154,200 | 8 | 709,382 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 21st May, 2024

| Trading Volume | Trading Value |
|---|---|
| 2,272 (Shares) | 7,154,200 (MMK) |

## Main Board

As of 1:00 pm, 21st May, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,272 (Shares) | 7,154,200 (MMK) |

| MYANPIX | 376.09 ▲ 1.71 |
|---|---|
| Total Volume (shares) | 2,272 |
| Total Value (MMK) | 7 mil |
| Listed Company | 8 |
| Market Cap. (MMK) | 709,382 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,550 | ▲ 0 |
| TMH | 00005 | 2,700 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,600 | ▲ 100 |
| MAEX | 00008 | 2,300 | ▲ 50 |